# မောင်နှင်းဆွေ

## သိုင်းလမ်းကြောင်း
## သွေးလမ်းကြောင်း

ပထမပိုင်း



တော်ဝင်စာပေ

# အခန်း (၁)

ည.....

ပိန်းပိန်းအောင် မှောင်နေသည်။

ကောင်းကင်ပြင်တွင် မဲမှောင်နေပြီး မိုးသားတိမ်လိပ်များ တရိပ်တရိပ်တက်နေသည်။

ထိုအချိန်တွင် မဟူရာအမှောင် အကာအကွယ်ပြုပြီး မည်းမည်းသဏ္ဍာန်နှစ်ခုသည် လူပ်ရှားနေပေသည်။

ထိုမည်းမည်းသဏ္ဍာန်နှစ်ခုမှာ အနက်ရောင်ဝတ်စုံ ကိုယ်စီဝတ်ထားကာ သွက်လက်သော ခြေလှမ်းဖြင့် စံအိမ်တော်ကြီးအကြီးအကဲ ချန်တိတ်၏ စံအိမ်တော်ကြီးဆီသို့ ဦးတည်သွားနေပေ သည်။

နှစ်ဦးစလုံးသည် စကားမပြောချေ။

ထိုနှစ်ဦးနောက်မှ လူနှစ်ယောက်ကလဲ အမှောင်ထုအားကာကွယ်၍ လိုက်နေပေသည်။

သူတို့ သည် ဝတ်စုံဖားလျားများဝတ်ဆင်ထားလေသည်။

ထိုဝတ်စုံဖားလျားကြီးများ ဝတ်ဆင်ထားသူ နှစ်ဦးမှာ ထိပ်တန်းကိုယ်ဖော့စွမ်းအားဖြင့် လိုက်လံကြည့်နေသောကြောင့် ရှေ့မှသွားနေသောနှစ်ယောက်မှာ မသိပေ။

မကြာမီ……

ရှေ့မှသွားသူနှစ်ဦးသည် စံအိမ်တော်ရှေ့သို့ ရောက်ရှိလာသည်။

သူတို့၏ နောက်မှသွားနေသူ ဝတ်စုံဖားလျားနှစ်ယောက်မှာ လျှပ်တစ်ပြက် စံအိမ်ခေါင်မိုး ပေါ်သို့ ခုန်တက်သွားကြလေသည်။

`ဂှစ်

`ဂှစ်

ချက်ချင်းပင် ဝတ်စုံဖားလျားနှစ်ယောက်မှ စံအိမ်ခေါင်မိုးမှတစ်ဆင့် ဧည့်ခန်းမအတွင်းသို့ ချောင်းမြောင်းကြည့်ရှုနေလေသည်။

ဧည့်ခန်းတွင်း မီးများလင်းထိန်နေလေသည်။

ကြီးမားတောက်ပြောင်သော စားပွဲကြီးပတ်ပတ်လည်တွင် ခုနှစ်ဦး ထိုင်နေသည်ကို တွေ့ရ လေသည်။

ထိုခုနှစ်ဦးမှာ စံအိမ်တော်အကြီးအကဲ ချိန်တိတ်နှင့်တကွ ထိပ်တန်းခေါင်းဆောင်များ

ဖြစ်ကြလေသည်။

ထိုအချိန်မှာပင်…..

အခန်းထဲသို့ အနက်ရောင်ကိုယ်ကျပ်ဝတ်စုံ ဝတ်ထားသောလူနှစ်ယောက်သည် ထိုအခန်း အတွင်းသို့ ဝင်လာကြလေတော့သည်။

ထိုသူတို့ ကားမြို့စားကြီး၏ အားထားရသော သက်တော်စောင့်နှစ်ဦးပင် ဖြစ်ပေသည်။

အဆင့်မြင့် ထိပ်တန်း သိုင်းသမားများပင် ဖြစ်လေသည်။`

သူတို့ နှစ်ဦးအား စံအိမ်တော်အကြီးအကဲ ချန်တိတ် မြင်လိုက်သည်နှင့်........

" ဆရာချန်နဲ့ ဆရာမူတို့ ပါလား ကြွပါ "

ဟု ပျာပျာသလဲ ဆီးကြို၍ ရိုသေစွာ ပြောလိုက်လေသည်။

ကျန်လူများမှာလဲ မတ်တတ်ရပ်ကာ အရိုအသေပေးလိုက်ပေသည်။

ချန်းစူးနှင့်မူတန်း ဧည့်ခန်းအတွင်းသို့ ဣန္ဒြေရစွာဖြင့် တစ်လှမ်းချင်းဝင်သွားပြီး ကုလားထိုင် တွင် အခန့် သား ဝင်ထိုင်လိုက်ကြလေသည်။

မြို့ စားကြီး၏ အရေးပေးမှုကြောင့် သက်တော်စောင့်နှစ်ဦးဖြစ်သူ ချန်းစူးနှင့် မူတန်းတို့ ကို လည်း စံအိမ်တော်အကြီးအကဲပင် အရေးပေးရလေသည်။

ချိန်တိတ်ကလဲ ချန်စူးနှင့်မူတန်းတို့ အား ဧည့်ခံစားသောက်ပွဲကြီးတစ်ရပ်ပြုလုပ်ပြီး ကျွေးပ ပေးလေသည်။

ထို့ နောက်သူတို့ သည် ကျက်ကျန်းပြည်နယ်တွင်အုပ်ချုပ်ရသော နယ်စားကြီးဂမ်းတု ဖယ်ရှားရန်အတွက် အကောက်ကြံစည်ရန် ညှိနှိုင်းပွဲတစ်ခုပင်ဖြစ်ပေသည်။

စံအိမ်တော်အမိုးပေါ်မှ ချောင်းမြောင်းကြည့်နေသော ဝတ်စုံဖားဖားလူနှစ်ဦးက ချန်တိတ်တို့ လူစု နက်နဲအကြံအစည်ကို နားနှင့်ဆက်ဆက်ကြားနေရနေသည်။

ထိုသူက ပြောဆိုနေကြသည်များကို အစအဆုံးမြင်တွေ ကြားသိနေရပေသည်။

ကောက်ကျစ်သောချိန်တိတ်တို့ လူစုကို ချက်ချင်းခေါင်မိုးမှဆင်း၍ ရှင်းပစ်လိုစိတ် ထိုနှစ်ဦး မှာ ဖြစ်ပေါ်နေလေသည်။

အထူးသဖြင့် ထိုနှစ်ဦးအနက် တစ်ဦးကမထိန်းနိုင်အောင်

ဖြစ်နေကြလေသည်။

ညဥ့်ပင်အတော်နက်လာလေသည်။

`ဂှစ်

`ဂှစ်

အမှောင်ကိုတားလို၍ ခေါင်မိုးပေါ်မှချောင်း၍ နားနေသူနှစ်ယောက်မှာခုန်ဆင်းပြီး အိမ်ဝင်း အပြင်သို့ ထွက်ပြေးသွားလေသည်။

သို့ သော်.....

စံအိမ်တော်အတွင်းရှိ အင်းခွေးကြီးနှစ်ကောင်က စူးစူးဝါးဝါး အော်ဟစ်သံကြောင့် အစောင့် သိုင်းသမားများသည် သူတို့ ထံသို့ အတင်းပြေးထွက်လာကြလေသည်။

"ဟေ့...ရန်သူ ဝိုင်းထားကြ"

ဟုပြောပြီး သူတို့ နှစ်ယောက်အား အစောင့်သိုင်းသမားများက ဝိုင်းရံထားလိုက်လေတော့ သည်။

ထိုစဉ် တစ်ယောက်သောသူက အသံကျယ်ကျယ်ဖြင့် ပြောလိုက်လေသည်။

"ဟေ့..... သေသေချာချာကြည့်စမ်း၊ ဝတ်ရုံဖားဖားတွေနဲ သူတော်စင်သိုင်းသမားကြီးတွေ ပါလား"

"သူတော်စင်သိုင်းသမားကြီးတွေလုပ်နေပြီး ဘာဖြစ်လို ဒီအထဲကိုဝင်ရှုပ်တာလဲ၊ သေချင် နေပြီနဲ့ တူတယ်"

ဟု အစောင့်သိုင်းသမားတစ်ယောက်ကလည်း မလေးမခန့် အော်ဟစ်လိုက်သည်။

သို့သော်.....

ဝတ်စုံဖားဖား သိုင်းသမားကြီးက ဒေါသမထွက် ခေါင်းတညိတ်တညိတ် ပြုံးနေလေသည်။

ပြီးမှ သူတော်စင်သိုင်းသမားကြီးက....

"မိတ်ဆွေသိုင်းသမားအပေါင်းတို့ ကျုပ်တို့ ကိုသူတော်စင်သိုင်းသမားတွေကို အခုလိုမဖွယ် မရာပြောတာမကောင်းဘူး၊ ဘယ်လောက်အပစ်ကြီးတယ်ဆိုတာ မသိဘူးလား..."

"ယခုလက်ငင်း အခြေအနေကို မသိဘူး.... မြို့ စားမင်းရဲ့နောက်ကွယ်မှာ စံအိမ်တော် အကြီးအကဲနှင့်တစ်ကွ မြို့စားမင်းရဲ သက်တော်စောင့်တွေနဲ့ ပူးပေါင်းပြီး သစ္စာရှိတဲ့နယ်စားကြီးကို နည်းအမျိုးမျိုးနဲ လုပ်ကြံနေကြတယ်"

"မိုက်မဲတဲ့ အလုပ်တွေ လုပ်နေကြတယ်"

"မင်းတို့ ဒီအထဲမှာ မပါပါနဲ့ .... ကောက်ကျစ် ယုတ်မာတဲ့သူယုတ်မာတွေနဲ့ မပူးပေါင်းနဲ့ ရပ်တန်းကရပ်ကြပါ"

ဟု သူတော်စင်သိုင်းသမားကြီးက မကြောက်မရွံ့ တုန်လှုပ်မှုကင်းမဲ့စွာ ပြောလေသည်။

သို့သော်......။

စံအိမ်တော်အကြီးအကဲ၏ လုံခြုံရေး အဖွဲ့ သားများက အသိတရားမရှိသည့်အပြင် သူတို့သည် ပို၍ အမျက်ချောင်းချောင်း ထွက်ကုန်ကြသည်။

သူတော်စင်သိုင်းသမားကြီးကို အထင်သေးဟန်ဖြင့်တိုက်ခိုက်ရန် စည်းဝါးရိုက်လိုက် ကြသည်။

ထိုစဉ်....

သူတော်စင်သိုင်းသမားကြီးဘေးမှ သူတော်စင်ဝတ်စုံဝတ်ထားသော အမျိုးသမီးကြီးက အရေးတကြီး သတိပေးလိုက်သည်၊

ရှေ့ဆုံးမှ သိုင်းသမားသုံးယောက်သည် တရွေ့ရွေ့ တိုးလာလေသည်။

သူတို့နောက်မှ လုံခြုံရေးသိုင်းသမား ဆယ်ငါးယောက်ခန့်က ရှေသို့နီးကပ်စွာတိုးကပ် လာလေသည်။

ရှေ့ဆုံးမှသုံးယောက်က.....

"ရှမ်း"

"ဗြိ...."

"ဂွစ်..."

သိုင်းသမားသုံးဦး၏ တိုက်ကွက်က မြန်ဆန်သွက်လက်လှလေသည်။

သူတော်စင် သိုင်းသမားကြီးကလည်း နေရာမရွေ့ဘဲသူ၏ ညာလက်ကို ခပ်ပြင်းပြင်းဝှေ့ ယမ်းလိုက်သည်။

ပြင်းထန်သောမုန်တိုင်းကြီး တိုက်ခက်သည့်အလား

"ဗြိုး....."

"ဂွစ်"

"အိုး"

သူတော်စင်သိုင်းသမားကြီးထံသို့ ဝင်ရောက်တိုက်ခိုက်လာသော ရန်သူသိုင်းသမားကြီး သုံးယောက်သည် ယိမ်းထိုးသွားလေသည်။

"ဂိုး"

သူတို့ ၏ မျက်စိရှေ့ မှောက်တွင် သူတော်စင်သိုင်းသမားကြီး ရိပ်ခနဲ ပျောက်သွားသည်။

အားလုံး တုန်လှုပ်ထိတ်လန့် သွားလေသည်။

သူတို့ ၏ ဆယ်ပေခန့် အကွာသို့ ရောက်သွားလေသည်။

ရှေ့ ဆုံးမှ သိုင်းသမားသုံးဦးမှာလည်း ရှက်လည်းရှက် ဒေါသစိတ်များရောထွေးပြီး မျက်နှာ နီမြန်းသွားလေသည်။

"ဟိတ်.... ဒီတစ်ခါတော့ သေပေတော့"

သိုင်းသမားသုံးဦး၏ ကြိမ်းဝါးသံသည် ဝင်းခြံအတွင်းသို့ ဟိန်းထွက်သွာလေသည်။

"ရွှမ်း"

"ပွစ်"

"ဂို"

ငမိုက်သားသိုင်းသမားသ သုံးယောက်က လက်နက်ဖြင့် သူတော်စင်သိုင်းသမားထံသို့ တစ်ရှိန်ထိုး အတင်းပြေးဝင်တိုက်ခိုက်လေတော့သည်။

"ဂိုး"

"ဖြန်း"

သူတော်စင်သိုင်းသမားကြီးက အင်္ကျီလက်စကြီးအား ခါယမ်းထုတ်ပစ်လိုက်သည်။

တစ်ချိန်တည်းမှာပင် နောက်သို့ ဆယ်ပေခန့် ခုန်ဆုတ်လိုက်သည်။

“ဝှီး”

“ဖတ်”

ငမိုက်သားသုံးယောက်သည်လည်း နောက်မဆုတ်ဘဲ ရှေ့သို့ ပင်ခုန်ပျံဝင်ရောက်လိုက်သည်။

“သေပေတော့”

ညဥ့်ယံမို့ ဓားရောင်၊ လှံရောင်၊ ကျာပွတ်ရောင်များသည် ဝင်းခနဲလက်ခနဲ ဖြစ်သွားသည်။

လှုပ်ရှားမှုမှာ မြန်ဆန်လှပေသည်။

သူတော်စင် သိုင်းသမားကြီးကလည်း လျှပ်ပြက်သည့် အလား ရန်သူသိုင်းသမားသုံးယောက်အား လေထဲသို့ ခုန်ဆင်းကာ ရိုက်ချလိုက်လေသည်။

“ဝုန်း”

“အိုး....အီး.....အား”

သူတို့ ၏ လက်နက်များ လွင့်ထွက်သွားပြီ။

ကျောက်ဆစ်ရုပ်ကြီးများပမာ ဖြစ်သွားလေသည်။

ထိုသို့ ဖြစ်ရခြင်းမှာ သူတော်စင်သိုင်းသမားကြီး၏ လျှပ်တစ်ပြက်ညာဖြောင့်လက်က သူတို့ ၏ အဓိကသွေးကြောများကို ပိတ်လိုက်ခြင်းဖြစ်လေသည်။

ထိုအဖြစ်ဆိုးများကို မြင်လိုက်ရတော့ မိုက်ဖော်မိုက်ဖက် သိုင်းသမားဆယ့်ငါးယောက် သည်လည်း အကြီးအကျယ် ဒေါသထွက်သွားသည်။

တစ်ချိန်တည်း တစ်ပြိုင်တည်းပင် ဝိုင်းတိုက်ကြလေသည်။

မိုးမှောင်ကျသောညတွင် လျှပ်စီးများ ဝင်းလက်သည့်အလား

ငမိုက်သားဆယ့်ငါးဦး၏ ဓားရောင်များ ပြိုးပြိုးပြက်ပြက် လင်းလက်သွားသည်။

“မညှာနဲ့ ”

“မသေသတ်”

“မလွတ်စေနဲ့ ”

ငမိုက်သား ဆယ့်ငါးယောက်၏ ကြိမ်းဝါးသံများ ဆူညံစွာ ထွက်ပေါ်လာလေသည်။

သူတော်စင်သိုင်းသမားကြီးက နေရာမှာပင် ငြိမ်သက်စွာ ဣန္ဒြေမပျက် ရပ်မြဲရပ်နေလေ သည်။

သို့သော်......

သူ့ ထံသို့ ပြေးဝင်လာသော ရန်သူများကို မျက်တောင်မခတ် ကြည့်ရှုနေသည်။

လျှပ်တစ်ပြက်ဆိုသလို လေထဲသို့ ခုန်လိုက်လေသည်။

“ဗြိုး”

“ဖြန်း”

“ဝုန်း”

ဘယ်ညာအကျုံ့ လက်စဖြင့် အရှိန်ပြင်စွာ ပေ့ ယမ်းလိုက်သည်။

“ဝုန်း....ဝုန်း”

“ဝုန်း....အိုး”

ရှေ့ ဆုံးမှ ငမိုက်သားသုံးယောက် ကိုယ်ကိုမထိန်းနိုင်ဘဲ နောက်သို့ ယိမ်းယိုင်သွားသည်။

လက်ထဲမှဓားရှည်သုံးလက် ခပ်လှမ်းလှမ်းသို့ လွင့်စဉ်ကျသွားသည်။

နောက်မှတစ်ရှိန်ထိုး ဝင်ရောက်တိုက်ခိုက်လာသောရန်သူ တိုက်ကွက်များကို ရှောင်ရှားရင်း လူခန္ဓာ ကိုယ်ပေါ်မှ သွေးကြောအမည်များကို မြွေလိမ်မြွေကောက်ပမာ ရွေ့ ရှားပြီးတိုတောင်း သောအချိန်အတွင်းမှာပင် ငမိုက်သား သိုင်းသမားဆယ့်ငါးယောက်သည် ကျောက်ရုပ်ပမာ တောင့်တင်းပြီး ငြိမ်သက်သွားလေတော့သည်။

သူတော်စင်သိုင်းသမားကြီး၏ သိုင်းပညာသည် အံ့ဩဖွယ် ကောင်းလှလေတော့သည်။

"ဟား…ဟား…ဟား"

"အိုး…..အိုး……အို"

"ဟီး….ဟီး….ဟီ"

သူတော်စင် သိုင်းသမားကြီးသည် သူ၏ ဘေးပတ်ပတ်လည်တွင်ရှိသော အသက်ရှင် လျှက် ရှိသည့် ကျောက်ရုပ်ပမာ ငူငူကြီး ငြိမ်သက်နေသော ငမိုက်သားများကိုကြည့်ပြီး ရယ်မောလိုက် လေသည်။

ပြီးမှ မျက်နှာကို ရုတ်ခြည်း တည်ပစ်လိုက်သည်။

"ငမိုက်သားတွေ မင်းတို့ ငါတို့ အကြောင်းကို မသိကြဘူးလား၊ အခုသိပြီမဟုတ်လား မင်းတို့ ဆက်ပြီး မိုက်မဲကြဦးမယ်ဆိုရင် ငါတို့ကိုအမြစ်မတင်နဲ့ "

သူတို့ ၏ လက်နက်အားလုံးကို သူတော်စင် သိုင်းသမားကြီးက ဖျက်ဆီးပစ်လိုက်လေ သည်။

"ဂွျတ်…"

"ဖြောင်း…."

“ဂရောင်း…”

အံ့မခန်းထက်မြက်လှသော သူတော်စင် သိုင်းသမားကြီး၏ သိုင်းပညာကို မျက်ဝါးထင်ထင် တွေ့မြင်လိုက်ရ၍ အံ့သြတုန်လှုပ်ကုန်လေသည်။

သူတော်စင်သိုင်းသမားကြီးနှင့် သူတော်စင်မယ်သိုင်းသမားတို့သည် သူတို့ကိုကျော်ခိုင်း ပြီး ထွက်ခွာလာခဲ့လေတော့သည်။

*

## အခန်း (၂)

အရှေ့ ဘက် ကောင်းကင်ပြင်တွင် ရောင်နီပင် ပျို့ အန်စပြုနေလေပြီ။

သူတို့ နှစ်ယောက်သည် ထိပ်တန်း ကိုယ်ဖော့စွမ်းအားဖြင့် ရွေ လျားနေလေသည်။

မကြာမီမှာပင်.....

ကျက်ကျန်းပြည်နယ်သို့ ရောက်ရှိလာလေသည်။

ကျက်ကျန်းပြည်နယ်ရှိ ဖူးကင်းနယ်မြေတွင် နယ်စားကြီးဂမ်းတုန်သည်ရောက်ရှိနေလေသည်။

ဖူးကင်းနယ်မြေတွင် အနက်ရောင် ဒုစရိုက်ဂိုဏ်းကြီးတစ်စုံ ဝင်ရောက်သောင်းကျန်းမှုအပေါ် တန်ပြန်တိုက်ခိုက်ရန်အတွက် ဥပဒေလုံခြုံရေး အစီအစဉ်တစ်ရပ်ကို ရေးဆွဲနေလေတော့သည်။

ထိုသို့ ဆွေးနွေးနေစဉ်.....

"နယ်စားကြီးခင်ဗျား သူတော်စင် သိုင်းသမားကြီးနှစ်ယောက် ရောက်နေပါတယ်၊ ဆရာ ဂမ်းတုန်နဲ့ ဆရာထန်ချုန်းတို့ တွေ့ ခွင့်တောင်းနေပါတယ်"

ဂမ်းတုန်က ဥပဒေနှိမ်နင်းရေးတာဝန်ခံ ထန်ချုန်းအား တစ်ချက်ကြည့်လိုက်သည်။

ခေါင်းတစ်ချက် ညိတ်ပြသည်။

အပြင်ဘက်တွင် လမင်းသည် ထိန်ထိန်သာနေပေသည်။

ထို့ကြောင့်........

သိုင်းသမားကြီးနှင့် သူတော်စင်သိုင်းသမားနှစ်ယောက်ကို တွေ့မြင်လိုက်ရသည်နှင့် စိတ် ထဲတွင် ထင့်ခနဲ ဖြစ်သွားလေသည်။

ထန်ချန်းကိုယ်တိုင်ထွက်၍ ကြိုဆိုလိမ့်မည်ဟု မျှော်လင့်မထားသောကြောင့်........

သိုင်းသမားကြီးနှင့် သူတော်စင်မယ်တို့က ထန်ချန်းကိုရုတ်တရက် တွေ့သည့်အခါ တအံ့ တသြ ဖြစ်သွားလေတော့သည်။

"ဟော့.....ထန်ချန်း မတွေ့တာ ငါးနှစ်လောက်တောင်ရှိသွားပြီနော်၊ ဒါပေမယ့် အရင်လိုပါပဲ၊ ကဲ..... အခုအချိန်မတော် အနှောင့်အယှက်ပေးတဲ့အတွက် အားနာပါတယ်၊ နယ်စားကြီးဝမ်းတုန်တို့ နဲ့ အရေးတကြီး ဆွေးနွေးစရာရှိလို့ အခုလိုလောလောဆယ် လာခဲ့ရတတာ"

သူတော်စင်သိုင်းသမားကြီးက လာရောက်ရခြင်းအကြောင်းကို ချက်ချင်းပင် ပြောပြလိုက်သည်။

သူတော်စင် သိုင်းသမားကြီးနှစ်ယောက်ရောက်လာခြင်းအတွက် ပို၍ပင်စိတ်တထင့်ထင့် ဖြစ်နေလေသည်။

အခန်းအတွင်းသို့ ခေါ်ဆောင်သွားသည်။

အခန်းအတွင်းမှ နယ်စားကြီး ဝမ်းတုန်ကလည်း သူတော်စင် သိုင်းသမားနှစ်ယေက်အား ခရီးဦးကြိုဆို၍ နေရာထိုင်ခင်းပေးသည်။

"အခုလို ကြွရောက်လာတာဟာ အရေးတကြီး အကြောင်းထူးရှိမယ်လို ထင်ပါတယ်၊ ဘွဲ့ နာမည်ကို တဆိတ်လောက်အမိန့် ရှိပါ"

ဟု နယ်စားကြီး ဂမ်းတုန်က ယဉ်ကျေးသိမ့်မွေ့စွာ ပြောလိုက်လေသည်။

သူတော်စင် သိုင်းသမားကြီး အဖြေမပေးသေးခင် ထန်ချန်းက ကြားဝင်ပြောလိုက် လေသည်။

"ဟောဒီ ဆရာကြီးက ကျွန်တော် မကြာခဏပြောဖူးတဲ့ ဆရာကြီးထန်ယွမ်ဆိုတာပဲနယ် စားကြီး၊ ဟောဒီသူတော်စင်မယ်ကိုတော့ မသိသေးဘူး"

သူတော်စင်မယ်ကလည်း အလိုက်သိသည်။

"ကျွန်မ၏ နာမည်က ဂေချမ်းပါ၊ ပေလီက ဆရာကြီး ထန်ယွမ်နဲ့ ပညာသင်ဖော်ပါပဲ"

သည့်အခါတွင်မှ......

ယခုရောက်ရှိလာကြသော သူတော်စင် သိုင်းနှစ်ဖော်သည် နယ်နယ်ရရပုဂ္ဂိုလ်များ မဟုတ် သည်ကို ဂမ်းတုန်နားလည်လိုက်လေသည်။

"သူတော်စင် သိုင်းသမားကြီးကို အရေးတကြီး ဆွေးနွေးစရာရှိတယ်လို သိရပါတယ်၊ ပွင့်ပွင့်လင်းလင်း ဆွေးနွေးချင်ပါတယ်"

ဆရာကြီး ထန်ယွမ်က ချောင်းတစ်ချက်ဟန့် ပြီး ရှင်းပြလိုက်လေသည်။

"အင်း....အင်း....ပြောရမှာ စိတ်မကောင်းစရာပဲ၊ လိုရင်းကိုပဲပြောမယ်၊ ဂမ်းတုန်နဲ့ ထန်ချန်း တို့ ကိစ္စဘဲ ရှင်းရှင်းပြောရရင် မြို့ စားကြီးဘေးမှာရှိတဲ့ သစ္စာဖောက် ကလိမ်ကျစ်တွေက အပြတ်ရှင်းဖို့ ကြံစည်နေကြတယ် အခုဆိုရင်"

"စံအိမ်တော် အကြီးအကဲ ချိန်တိတ်နဲ့ လူတစ်စုဟာ မင်းဆီကိုလာနေကြပြီ၊ လွတ်ရာ လွတ်ကြောင်း ကြံစည်နိုင်အောင် သတိပေးရတာ ပဲ ဘေးအန္တရာယ်ဟာ မကြာခင် ကျရောက်တော့မယ်"

ဝမ်းတုန်နဲ့ ထန်ချွန်း ထိတ်လန့် အံ့သြမိသွားသည်။

ကြံရာမရဖြစ်ပြီး တစ်ဦးကိုတစ်ဦး အကဲခတ်ပြီး အတန်ကြာစကားမပြောဘဲ နှုတ်ဆိတ် ငြိမ်သက်နေလေသည်။

"ဝုန်း....."

နယ်စားကြီး ဝမ်းတုန် ခံပြင်းစွာဖြင့် စားပွဲကို လက်ဖြင့် ရိုက်ချလိုက်သည်။

"ရိုင်းလိုက်တဲ့ အယုတ်တမာကောင်တွေ မြို့ စားကြီးအနားမှာနေပြီး ခွင့်ပြုထားတာ မဟာအမှား.....ပဲ"

"ဒီပင်လယ်ကမ်းခြေဒေသတစ်ဝိုက်မှာ နေထိုင်ကြတဲ့ ပြည်သူလူထုတွေ ဒုက္ခရောက်မှာဘဲ စိုးရိမ်တယ်"

ဝမ်းတုန် တစ်ကိုယ်လုံး မခံမရပ်နိုင် ဖြစ်သွားလေတော့သည်။

ပြီး.......စကားအတန်ကြာ ရပ်သွားသည်။

မျက်နှာတင်းမာ ခက်ထန်နေပေသည်။

"အခုလို ရပ်ပေးကနေပြီး အမောတကော လာရောက်သတင်းပို့ တဲ့ ကျေးဇူးဟာ ကြီးမား လှပါတယ်၊ ကျုပ်ဟာနယ်စားကြီးတာဝန်ကို ထမ်းဆောင်နေရတဲ့ မင်းမှုထမ်းတစ်ဦးပါ၊ ဒီနယ်တစ်ဝိုက်မှာရှိတဲ့ လူထုတစ်ရပ်လုံးရဲ အသက်အိုးအိမ်စည်းစိမ်တွေကို ကာကွယ်စောင့်ရှောင့် ရန် ကျွန်တော့်မှာ တာဝန်ရှိပါတယ်...."

"လူထုတွေဖြစ်ချင်ရာဖြစ်၊ ကိုယ်လွတ်ရုန်းပြီး ပြေးရှောင်သွားခဲ့ရင် ကျုပ်လောက်ယုတ်မာသူ ရှိပါဦးမလား၊ ကျုပ်ဒီကထွက်ပြေးတာနဲ့ အမှောင်ဒုစရိုက်သိုင်းသမားတွေ ဝင်ရောက်လာမှာ သေချာတယ်၊ ကျုပ် ဒီနယ်မြေက ဘယ်နည်းနဲ့ မှ ခွဲခွာသွားလို့ မဖြစ်ဘူး၊ အသက်စွန့် ပြီး ပြည်သူ လူထုဘက်က

ရပ်တည်ဖို့ ဆုံးဖြတ်ပါတယ်......”

“ဆရာထန်ချန်းကို ဘယ်လိုသဘောရသလဲ”

နယ်စားကြီး ဂမ်းတုန်၏ ကိုယ်ကျိုးစွန့်မှု မျိုးချစ်စိတ် ပြင်းထန်မှုကိုကြည့်ပြီး ထန်ချန်းက အကြီးအကျယ် စိတ်လှုပ်ရှားသွားသည်။

အထူးပင် လေးစားသွားမိသည်။

“ကျွန်တော့် သဘောကို မေးနေစရာ လိုသေးလို့ လား၊ နယ်စားမင်းနဲ့ အတူ သေအတူ ရှင်မကွာ အမြဲတမ်းလက်တွဲမယ်ဆိုတာ ယုံပါ”

လေးနက်သည်။

ခိုင်မာသည်။

ပြတ်သားလှသည်။

နယ်စားကြီးဂမ်းတုန်၏ မျက်နှာပေါ်တွင် ဂမ်းသာကြည်နူးရိပ်များ အထင်းသား ပေါ်လွင် နေသည်။

“ဂမ်းသာတယ်.....ကျုပ်တို့ ဒီအတိုင်းပဲ လုပ်စရာရှိတာဆက်လုပ်မယ်”

အမျိုးကိုချစ်သော နယ်စားကြီး ဂမ်းတုန်နှင့်ထန်ချန်း၏ ကိုယ်ကျိုးစွန့် မှုအတွက် သူတော် စင် သိုင်းသမားကြီးနှစ်ဦးက စိတ်ထဲမှကျိတ်၍ ဆုတောင်းမိသည်။

“ကျုပ်ညီမပြောတာမှန်တယ်၊ သူတို့ ကို ဘယ်လိုမှ မကယ်နိုင်တော့ဘူး”

အဘစင်းထန်ဟုန်က ပညာသင်ဖော် သူတော်စင်မယ် ဂေချွမ်းဘက်သို့ စိတ်ပျက်လက် ပျက်ဖြင့် ရှင်းပြလိုက်သည်။

ဂေချွမ်းက စိတ်ပျက်ဟန်ဖြင့်......

“အခုလိုအချိန်မျိုးမှာ နယ်စားဂမ်းတုန်နဲ့ ထန်ချန်းတို့ဟာ အသက်စွန့်ပြီး တာဝန်ထမ်း ဆောင်မယ်လို့ ဆုံးဖြတ်ချက်ချထားတယ်၊ သူတော်ကောင်းနတ်ကောင်းစောင့်ပါစေလို့ပဲ ညီမက ဆုတောင်းပါတယ်”

စိတ်လှုပ်ရှားလွန်း၍ စကားပင် တုန်အပ်နေပေသည်။

သူတော်စင်သိုင်းသမားကြီး ထန်ယွမ်က……

“မင်းတို့ရဲ့ ရဲရဲတောက်မျိုးချစ်စိတ်ဓာတ်ကို ချီးကျူးပါတယ်၊ ပြည်သူလူထုကိုယ်စား ဂုဏ် ယူမဆုံးပါဘူး၊ ဒါပေမယ့် ကျုပ်က သတိတော့ပေးပါရစေ၊ ချန်တိတ်ရဲ့ လူတွေက မင်းတို့ကို ရှင်းပစ်ရုံနဲ့ ကျေနပ်မယ်မထင်ဘူး၊ သူတို့ရဲ့ နောက်ကြောင်းအေးအောင် မျိုးဆက်ကိုပါရှင်းပစ်မှာ သေချာပါတယ်၊ မင်းတို့ရဲ့ ရင်သွေးသားသမီးများကို ဘေးအန္တရာယ်နဲ့ ဝေး တဲ့ဆီမှာထားမှ ဖြစ်လိမ့်မယ်”

နယ်စားကြီးဂမ်းတုန်နှင့် နယ်မြေဒုစရိုက်နှိမ်နင်းရေးမှူး ထန်ချန်းတို နှစ်ယောက်သည် ဒေါသဖြစ်ဖြစ်မှု၊ ခံပြင်းမှု၊ စိတ်လှုပ်ရှားမှုတို့ကြောင့် သူတို့၏ ရင်သွေးများအရေးကို အလျဉ်း မစဉ်းစားမိချေ။

သတိပေးစကားကြားတော့မှပင် အိပ်မက်ဆိုးမှလန့်နိုးသူပမာ ဂမ်းတုန်နှင့် ထန်ချန်းတို့ နှစ်ဦးသည် လှုပ်လှုပ်ရှားရှားဖြစ်လာသည်။

တစ်ဦးမျက်နှာ တစ်ဦး ကြည့်မိလျှက်သား ဖြစ်သွားသည်။

အတန်ကြာမှ ဂမ်းတုန် မသိမသာ သက်ပြင်းချသည်။

“အခုလို သေရေးရှင်ရေးနဲ့ ကြုံတွေ့ရမှတော့ မိသားစုအတွက် ဘာတတ်နိုင်တော့မလဲ”

ထိုသို့ ပြောသောလည်း မိသားစုအတွက် စိုးရိမ်မကင်းဖြစ်နေသည်ကို အထင်းသားသိသာ နိုင်သည်။

ထန်ချန်းကလည်း မိသားစုအရေး ပူပင်သောကရောက်မိနသည်။

"ကျွန်တော်တို့ က အသက်စွန့် ပြီး အမှုထမ်းဆောင်ဖို့ ဆုံးဖြတ်ထားပါတယ်၊ မိသားစု အပေါ် သံယောဇဉ်ရှိပေမယ့် ခုလိုအချိန်မျိုးမှာ သူတို အတွက် လုံခြုံရေးစီစဉ်ပေးဖို့ အချိန် မရှိတော့ ပါဘူး....."

"ဒါကြောင့် ကျွန်တော်တို့ မိသားစု ဘေးရန်ကင်းဝေးစေဖို့ ဆရာကြီးတို့ က ကယ်ဆယ် နိုင်ရင် ကယ်ဆယ်ပါရန် တောင်းပန်ပါတယ်"

ဆရာကြီးထန်းယွမ်က အနည်းငယ်စဉ်းစားပြီး ပြောလိုက်သည်။

"တို့ အနေနဲ့ ဒီကိစ္စထဲ ဝင်မပါသင့်ဘူး၊ ဒါပေမယ့် အရေးကြုံလာမှတော့ သူတစ်ပါးရဲ့ အသက်ကို ကယ်ဆယ်သင့်တယ်၊ ဒါဟာ အင်မတန်မွန်မြတ်တဲ့ လုပ်ငန်းတစ်ခုပါ၊ ကျုပ်တို့ ရောက် လာတာ ဒီကိစ္စကြောင့် ရောက်လာတာဘဲ၊ ကျုပ်တို့ ကို ယုံတယ်ဆိုရင် ခင်ဗျားတို့ မိသားစု ဘယ်မှာရှိတယ်၊ ဘယ်သူတွေကို ကယ်ရမယ်ဆိုတာ သိပါရစေ"

"ဟောဒီ ဆရာလေးတို့ က မင်းတို့ ရဲ့ မိသားစုအတွက် အစစအရာရာ စောင့်ရှောက်ပေးပါ့မယ်၊ ယောကျ်ားလေးဆိုရင် ကျုပ်ကတာဝန်ယူမယ်...."

"မိန်းကလေးဖြစ်ရင် ဟောဒီကညီမလေး ချွမ်းလက်ကိုအပ်မယ်၊ သိုင်းပညာသင်ပေးမယ်၊ တစ်နေ့ အေးဆေးတဲ့ အခါ ဇာတိရပ်မြေကို ပြန်ချင်ရင် ပြန်ပို့ ပေးမယ်"

"ဘယ်လို.....သဘောရသလဲ"

ဆရာထန်ယွမ်၏ ဩဝါဒစကားကြားလျှင် နယ်စားမင်း ဂမ်းတုန်နှင့် တန်ချမ်းတို့ နှစ်ဦး သည် အလွန်အမင်း ဂမ်းသာသွားလေတော့သည်။

နယ်စားမင်း ဂမ်းတုန်နှင့်ထန်ချန်းတို့ က သူတော်စင်သိုင်းသမားနှစ်ဦးတို့ ၏ ရှေ့ မှောက် တွင် ဦးညွှတ်လိုက်ပြီး......

မိမိတို့၏ မိသားစုများထံသို့ စာတစ်စောင်စီကို ရေးသားပြီး ဆရာထန်ယွမ်၏ လက်သို့ ပေးအပ်လိုက်ပေသည်။

သူတို့နှစ်ဦးသည်လည်း မိမိတို့၏ မိသားစုထံသို့ စာတစ်စောင်စီ ရေးသားပြီး ဘဘ ထန်ယွမ်သို့ ပေးအပ်လိုက်ပေသည်။

သူတို့နှစ်ဦးသည်လည်း စာများကိုယူပြီး တစ်စုံတစ်ရာအချိန်မဖြုန်းတော့ဘဲ ခရီးထွက်ခွာ သွားပေတော့သည်။

*

## အခန်း (၃)

မကြာလိုက်ချေ။

မြို့စားကြီး၏ အထောက်တော်များ ရောက်ရှိလာလေသည်။

နယ်စားကြီး ဂမ်းတုန်အား ရာထူးမှရပ်စဲလိုက်ပြီး အပစ်ဒဏ်ခံရန် မြို့စားကြီးအိမ်တော်မှ ဆင့်ခေါ်စာ ပါရှိလာသည်။

ဒုစရိုက်နယ်မြေ နှိမ်နင်းရေးတာဝန်ခံ ထန်ချန်းကိုပါ ဖမ်းဆီးချုပ်နှောင်လိုက်သည်။

ဆင့်ခေါ်စာသည် မြို့စားကြီးထံမှ ဆင့်ခေါ်စာ အစစ်အမှန် မဟုတ်သည်ကို ဂမ်းတုန် သိမသွားရှာပေ။

ဂမ်းတုန်အား မြို့စားကြီးဆီပို့ လျှင် အဖြစ်မှန် ဖော်ထုတ်မည် စိုးသဖြင့် လမ်းခွတ်လပ် မှာပင် ဂမ်းတုန်အား သုတ်သင်ပစ်လိုက်လေသည်။

သစ္စာဖောက်တို့၏ အကြံသည် ပက်စက်လှချေသည်။

မြို့စားမင်းထံသို့ မမှန်မကန် အစီရင်ခံသည်။

နယ်စားကြီး ဂမ်းတုန်သည် မြို့စားကြီးပေးမည့် အပြစ်ဒဏ်ခံရမည် စိုးသဖြင့် ကိုယ့်ကိုယ်ကို သေကြောင်းကြံစည်ရာ အဆုံးသတ်သွားသည်ဟူ၍ အစီရင်ခံလိုက်သည်။

မတရားလုပ်ကြံမှု လုပ်ဇာတ်ကို နိဂုံးချုပ်လိုက်ကြလေသည်။

ခံပြင်းနာကြည်းဖွယ် ကောင်းလှပါဘိ။

*

ဆရာ ထန်ယွမ်နှင့် ဝေချွမ်းတို့ နှစ်ဦး လမ်းခွဲလိုက်ကြလေသည်။

ဝေချွမ်းက ဂမ်းတုန်၏ စာကိုယူသည်။

ထန်ယွမ်က ထန်ချန်း၏ စာကိုယူသည်။

နှစ်ယောက်သားအသီးသီး တာဝန်ခွဲယူပြီး လူချင်းခွဲခါ ခရီးပြင်းနှင့်ခဲ့လေသည်။

ဆရာ ထန်ယွမ်က ပေကျန်းပြည်နယ်၊ ကျန်းကင်းမြို့ သို့ ဦးတည်၍ ခရီးပြင်းနှင်ခဲ့ လေ သည်။

ကျန်းကင်းမြို့ သို့ မရောက်မီမှာပင် လမ်းခွတ်လပ်တွင် ထန်ချန်း၏ သတင်းဆိုးကို ကြားသိလိုက်ပေသည်။

ထိုသတင်းဆိုးကြောင့်၊ ဆရာကြီးထန်ယွမ် အကြီးအကျယ် တုန်လှုပ်သွားလေသည်။

ထန်ချန်း မိသားစုများအားလုံး အဖမ်းခံလိုက်ရပြီလား။

သို့ တည်းမဟုတ်.....။

ကိစ္စတုံး ရှင်းလင်းခံလိုက်လေသလား။

စိုးရိမ်ပူပန်မှုများ ကြီးထွားလာနေလေသည်။

ကျန်ကင်းမြို့ သို့ ရောက်ချိန်တွင် အမှောင်ပင် လွှမ်းမိုးနေချေပြီ။

"ဂှစ်"

"ဂှစ်"

ခြံဝင်းကြီးတစ်ခုအတွင်းသို့ ခုန်ဝင်သွားလေသည်။

အခြေအနေမှာ တိတ်ဆိတ်ငြိမ်သက်နေပေသည်။

"ဂှစ်"

ခန်းမဆောင် ခေါင်မိုးတစ်ခုသို့ ခုန်တက်ပြီး အိမ်မြှောင်တစ်ကောင်နှယ် ခိုတွယ်လိုက်သည်။

ခန်းမဆောင်ကြီးထဲတွင် စားသောက်ပွဲကြီးတစ်ခု ကျင်းပနေသည်ကို တွေ့ရသည်။

ထိုစဉ်......

ခန်းမဆောင်အတွင်းမှ စကားသံတစ်ခု ကျယ်လောင်စွာ ထွက်ပေါ်လာပေသည်။

"ခင်ဗျားတို့တစ်တွေရဲ့ ကူညီမှုနဲ့ ထန်ချန်းတို့ မိသားတစ်စုလုံး လွယ်လင့်တကူ ဖမ်းဆီး နိုင်ခဲ့တာပါ၊ ဒါကြောင့် ကျုပ် ခင်ဗျားတို့ကို လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ပါတယ်"

ထိုအထဲမှ ယန်လိဂမ် ဆိုသူကလည်း ကြွားလုံးထုတ်လိုက်သေးသည်။

"ကျွန်တော်တို့ အားလုံးကလဲ ဆရာကြီးချိန်တိတ်ရဲ့ လူရုံတော်တွေပါ၊ ဘာမှ အားနာစရာ မလိုပါဘူး၊ ကျွန်တော်ရယ် အစ်ကိုကေ အစ်ကိုကျန်းတို့ သုံးဦး ပေါင်းမိသွားရင် ဘယ်သူမှ မှုစရာမလိုပါဘူး၊ စမ်းရဲတဲ့သူ စမ်းပါစေ၊ ကိုယ့်သေတွင်း ကိုယ်တူးသလိုဖြစ်သွားမယ်"

ဟုပြောလိုက်ပေသည်။

ထိုစဉ်.......

အပြင်ဘက်မှ ဆူညံသံများကြားလိုက်ရသည်။

တစ်ဆက်တည်းမှာပင် အောဟစ်ညည်းညူသံများ ဆက်တိုက်ပေါ်လာလေသည်။

မမျှော်လင့်ဘဲ ဖြစ်ပေါ်လာသော ဖြစ်ရပ်ကြောင့် လူးများအားလုံး ထိတ်လန့်သွားကြသည်။

အခိုက်အတန့် အားဖြင့် ကြောင်ပြီး မှင်သက်မိသည့်အလား ငြိမ်သက်နေမိသည်။

အတန်ကြာမှ ကေ့ချိုင်ဆိုသူက ရုတ်တရက် သတိဝင်လာသည့်အလား အခန်းထဲမှ ဓားရှည်ကိုဆွဲ၍ ထွက်လာခဲ့သည်။

ကေ့ချိုင်သည် အရွယ်နှင့် မလိုက်အောင်ပင် မြန်ဆန်သွက်လက် လာလေသည်။

ကေ့ချိုင် ထွက်သွားပြီးသည်နှင့် ထန်လီဂမ်လည်း အချိန်မဖြုန်းတော့ဘဲ ချက်ချင်း ပြေးထွက်လေတော့သည်။

ထန်လီဂမ် အပြင်သို့ ထွက်လိုက်သည်နှင့် မျက်လုံးအစုံပြူးကျယ်သွားသည်။

ဆူဆူညံညံအသံများသည် နေရာအနှံ့ မှ ထွက်ပေါ်လျက်ရှိသည်။ အကျဉ်းခန်း အပါအဝင် နေရာအနှံ့ တွင် မီးများစွဲလောင်နေသည်ကို အထိတ်တလန့် ရင်ဆိုင်ရမိသောကြောင့်ပင် ဖြစ် သည်။

"ဂွစ်"

"ချွမ်း"

“ထန်း”

“အိုး”

ဝတ်စုံနက်တစ်ယောက်နှင့် သူတို့ လူများ အပြင်းအထန် တိုက်ခိုက်နေသည်ကို တွေ့ရ ပေသည်။

“ဝုန်း”

“ခွပ်”

“အား.....”

ထိုသို့ တိုက်ပွဲ ပြင်းထန်နေချိန်တွင် ဆရာထန်ယွမ်သည် ခေါင်မိုးပေါ်မှ ခုန်ချ၍ ထန်ချန်းတို့ မိသားစုအား ကယ်တင်ရန် အချုပ်ခန်းဘက်သို့ လှည့်ထွက်ခဲ့တော့သည်။

“ဂျစ်”

“တောက်”

“တောက်”

အချုပ်ခန်းနားဆီသို့ ရောက်သောအခါ အစောင့်သုံးဦးကို သွေးကြောပိတ်လိုက်သည်။

ဆရာထန်ယွမ်ကလည်း အချိန်မဖြုန်းတော့ဘဲ အလျင်အမြန်ပင် အချုပ်ခန်းကိုဖွင့်လိုက် သည်။

အချုပ်ခန်းအတွင်း၌ ထန်ချန်း၏ ဇနီးသည် အကြီးအကျယ် ဒဏ်ရာ ပြင်းထန်စွာ ရရှိထား သည်ကို တွေ့ရပေသည်။

ထန်ချန်း၏ ရင်သွေးငယ် ထန်ပုယန်ကို တွေ့လိုက်ရသည်နှင့် ပွေ့ချီပြီး ပုခုံးပေါ် တင်လိုက်သည်။

"ဘာမှမစိုးရိမ်ပါနဲ့၊ ထန်ချန်းနဲ့ ရင်းနှီးတဲ့မိတ်ဆွေပါ၊ ထန်ချန်းရဲ့ သဘောတူညီချက်အရ ထန်ပုယန်ကို ကယ်တင်ဖို့ လာခဲ့တာပါ၊ ခင်ဗျားလဲဂရုစိုက်ပါ ကလေးကိုတော့ခေါ်သွားတော့မယ်"

ဟု ပြောပြီး အလျှင်အမြန်ပင် ထွက်လာခဲ့လေသည်။

ဆရာ ထန်ယွမ်၏ လှုပ်ရှားမှုသည် မြန်ဆန်သွက်လက်လှပေသည်။

သို့ သော်........

ခြေတစ်လှမ်း နောက်ကျသွားသည်။

အချုပ်ခန်းမှ ထွက်မည်ပြုစဉ်......

အစောင့်များ ဆူညံစွာ ပြေးလာသည်ကိုတွေ့ ရသည်။

အချုပ်ခန်းတံခါးကို လျှင်မြန်စွာ ပြန်ပိတ်လိုက်သည်။

အချုပ်ခန်းနောက်ဘက်ရှိ ပြတင်းပေါက် သံတိုင်ကို အတွင်းအားနှင့် ရိုက်ပြီး ချိုးဖျက်လိုက် သည်။

"ဝုန်း"

"ကတုံး"

"ဂွစ်"

ထန်ပုယန်ကလေးအား ထမ်းပိုးလျက် အပြင်သို့ စွေခနဲ ခုန်ထွက်လိုက်လေသည်။

အမှောင်ထုထဲတွင် ကွယ်ပျောက်သွားလေသည်။

ဝတ်စုံနက်သည် မည်သူမည်ဝါဖြစ်သည်ကိုလည်းကောင်း

ထန်ချန်း၏ ရင်သွေး ထန်ပုယန်အား ကယ်ထုတ်သွားသူမှာ

မည်သူမည်ဝါ ဖြစ်သည်ကို လည်းကောင်း သူတို့ အားလုံး မည်သူမျှ မသိရှိကြပေ။

ထန်ပုယန်အား ရှောင်လင်ကျောင်းတော်သို့ ခေါ်ဆောင်သွားလေသည်။

နောက်ဆယ်နှစ်အကြာတွင်......

ပုယန်သည် သိုင်းလောက၏ တောက်ပြောင်သော ကြယ်တစ်ပွင့် ဖြစ်လာခဲ့ပေပြီ..........

*

## အခန်း (၄)

သူတော်စင် မယ်ဂေချမ်းသည်လည်း သူ၏ တာဝန်အရ နယ်စားကြီး ဂမ်းတုန်၏ သမီးလေးဖြစ်သူ ဖူကျိုကို ခေါ်လာခဲ့လေသည်။

ဖူကျိုလေးအား သူ၏ ဂူကျန်တောင်တန်းပေါ်ရှိ ဂူကျန်ကျောင်းတော်သို့ ခေါ်ဆောင်လာ ပြီး.......

နောင်အနာဂတ်၏ သိုင်းအကျော်အမော် မျိုးချစ်မယ်တစ်ဦး ဖြစ်လာအောင် သွန်သင်ပြသ ပေးလျက်ရှိသည်။

အချိန်မှာလည်း တရွေ့ ရွေ့ ကုန်ဆုံးလာခဲ့လေသည်။

နယ်စားကြီး ဂမ်းတုန်အသက်ခံလိုက်ရပြီးနောက် ပင်လယ်ကမ်းခြေ ပြည်နယ်အားလုံး၏ လုံခြုံမှုအခြေအနေ ဆိုးဝါးလာခဲ့လေသည်။

အထူးသဖြင့် အနောက်တောင် ဂိုဏ်းသားအန္တရာယ်မှာ ပို၍ ကြီးထွားလာခဲ့လေသည်။

ပြည်နယ်အတွင်းရှိ လူထု၏ အသက်အိုးအိမ်စည်းစိမ်များ လုံခြုံရေးအတွက် အာမခံချက် မရှိတော့သည့် အခြေအနေရောက်ခဲ့လေသည်။

ထို့ ကြောင့်.......

ပင်လယ်ကမ်းခြေတစ်လျှောက်တွင် ရန်သူများ၏ ထိုးဖောက်မှုကိုလျော့ပါးစေရန်အတွက်မြို့ စားကြီးသည် ဂမ်းစုဆိုသူအား

ကျက်ကျန်းနှင့် ဖူးကင်းပြည်နယ်များသို့ စေလွှတ်ခဲ့လေသည်။

ဂမ်စုသည် ကျက်ကျန်းပြည်နယ်နှင့် ဖူကင်းပြည်နယ်၏ နယ်စားကြီး ဖြစ်လာလေသည်။

ပင်ကိုယ်အရည်အချင်းမှာ ပြည့်ဝသူမဟုတ်ပေ ထို့ကြောင့်...

မြို့စားကြီးထံ ချဉ်းကပ်ပြီး ထန်ချန်းအား မူလနေရာပြန်ထားရန်ပြောလေသည်။

ပြန်ထားခဲ့လေသည်။

သို့ သော်လည်း........

အနက်ရောင်ဒုစရိုက် သိုင်းသမားများသည် ပိုမိုသောင်းကျန်းလာပြီး ကမ်းခြေတစ်လျှောက်ရှိ လူထုအပေါင်းအား ညှင်းပန်းနှိပ်စက်ခံရ၍ ဒုက္ခတွေ ပင်လယ်ဝေခဲ့လေသည်။

ထို့ကြောင့်.....

မြို့စားမင်းသည် ဂမ်စုအား ဖယ်ရှားပြီး လီကုံအားနယ်စားကြီးအဖြစ် ခန့်အပ်ခဲ့ပြန်လေသည်။

ဒုစရိုက်နယ်မြေ နှိမ်နင်းရေးမှူးအဖြစ် ကျင်ဂမ်ဆိုသူအား စေလွှတ်လိုက်ပြန်လေသည်။

ဤတွင် လီကုံအားရှိသွားသည်။

ကမ်းခြေတစ်လျှောက် လုံခြုံရေး ကောင်းမွန်လာလေသည်။

ကြမ္မာဆိုး ဝင်လာပြန်လေသည်။

မြို့စာကြီးကိုကျောက်ဟုဆိုသူ၏ ခြေထိုးမှုကြောင့် နယ်စားကြီး လီကုနှင့် ကျင်ဂမ်နှစ်ဦး အား သေဒဏ်ချမှတ်ခြင်း ခံရလေသည်။

စိတ်ဓာတ်များ ကျဆင်းနေကြလေသည်။

မိမိတို့ ၏ ကံကြမ္မာအတွက် အထူးစိုးရိမ်မကင်းဖြစ်လာသည်။

မိမိတို့ အထက်မှ ဖောက်ပြန်ရေး သစ္စာဖောက်သမား၏ အကျင့်စရိုက်ကို မျက်ဝါးထင်ထင် တွေ့ မြင်လာရသည့်အတွက် ဖရိုဖရဲဖြစ်လာလေသည်။

ပြည်နယ်အတွင်း ဆူပူသောင်းကျန်းမှုများလည်း ပိုမိုလာလေသည်။

နိုင်ထက်စီးနင်း တစ်ဖက်စောင်းနင်း ပြုကျင့်လာလေသည်။

ယင်းအခြေအနေတွင်.......

ဒုစရိုက်နယ်မြေ နှိမ်နင်းရေးမှူး ကျင်ဂမ်လက်အောက်တွင် အမှုထမ်းကြသော အဆင့်မြင့် သိုင်းပညာရှင်တစ်စုသည် မကျေမနပ်ဖြစ်ကာ နေကြလေသည်။

သူတို့ ၏ ခေါင်းဆောင် ကျင်ဂမ် အသက်ခံခဲ့ရသည့် နေ့ မှစ၍ တိတ်တဆိတ် ထွက်ခွာသွား လေတော့သည်။

ဖန်ကျူးမြို့ သို့ ရောက်ရှိသည်နှင့် နယ်ချဲ့ တော်လှန်ရေးအင်အားစုတစ်စုသို့ သိုင်းသမား အားလုံး ဝင်ရောက်လိုက်ကြသည်။

ယင်းအဖွဲ့ ကိုဦးဆောင်သူမှာ ဂမ်ကုံပင်ဖြစ်လေသည်။

ဂမ်ကုံသည်......

ထင်ရှားသော နယ်ချဲ့ ဆန့် ကျင် တိုက်ခိုက်ရေး ခေါင်းဆောင်တစ်ဦး.....

လက်ရုံးရည်၊ နှလုံးရည်ပါ ပြည့်ဝသူတစ်ဦးဖြစ်ပြီး မျိုးချစ်စိတ်ပြင်းထန်သူ တစ်ဦးဖြစ်သည်။

လူအင်အားများစွာနှင့်အတူ ဖန်ကျူးမြို့ ကို ခြေကုပ်စခန်းယူ၍ ယိုယွင်းပျက်စီးနေသော မတရားမှုများကို အပြင်းအထန် တွန်းလှန်ဖြိုဖျက်လျက်ရှိသည်။

ဂမ်ကုံဦးဆောင်သော အဖွဲ့ များသည် တဖြည်းဖြည်း အောင်မြင်ကျော်ကြားလာပေ တော့သည်။

သူ၏ လက်အောက်တွင်လည်း လျှမ်းလျှမ်းတောက် ပြောင်မြောက်သော အဆင့်မြင့် သိုင်းပညာရှင်များစွာ ရှိနေလေသည်။

မြို့ စားမင်း၏ ဘေးတွင် ယုတ်မာကောက်ကျစ်စွာ ကြံစည်နေသူ ကျောက်ဝါအား အစိမ်းလိုက် မျိုချချင်စိတ်များ ဂမ်ကုံတို့ အဖွဲ့ သည် အခဲမကျေနိုင်အောင်ပင် ဖြစ်နေပေသည်။

နယ်ချဲ့ တော်လှန်ရေး ခေါင်းဆောင် ဂမ်ကုံသည် စိတ်မချမ်းမသာ ဖြစ်နေပေသည်။

အဖြူရောင်သိုင်းသမားခေါင်းဆောင် ဂမ်ကုံကို ကျောက်ဝါနှင့် လက်တစ်ဆုပ်စာ သစ္စာ ဖောက်တစ်စုံအား သုတ်သင်ရှင်းလင်းပစ်ရန် အပြင်းအထန် ဝိုင်းဝန်းတိုက်တွန်း လာတော့သည်။ ဂမ်ကုံကလည်း နောက်ဆုံး မတတ်သာတော့သောကြောင့်...

သူ၏ ညာလက်ရုံးဖြစ်သူ ဖုန်ရဲနှင့် အဆင့်မြင့်သိုင်းပညာရှင် ဆရာဂျူနှင့်ဆရာဂျူတို့ သူရဲ ကောင်းသုံးဦးအား ကျောက်ရှာတို့ အဖွဲ့ အား ဖြိုခွင်းရန် စေလွှတ်လိုက်ပေတော့သည်။

*